သင်ကြားပို့ချခြင်း
စက်တင်ဘာ ၂၀၁၄

Natural Resource Governance Institute

# ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် တွင်းထွက်တူးဖော်ရေး လုပ်ငန်းတို့မှ အခွန်များကို လွှတ်တော် မှတဆင့် စောင့်ကြည့်ခြင်း နှင့် EITI အခင်းအကျင်း

## အဓိကအကြောင်းအရာ

- ၂၀၁၃ ခုနှစ်က ချထားခဲ့သည့် တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု သတ်မှတ်ချက်များသည် ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် တွင်းထွက်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုကိုတိုး တက်စေသည့် တင်းကျပ်သောသတ်မှတ်ချက်များပါရှိသည်။ သဘာဝ သယံဇာတမှ ရရှိသည့်အခွန်ငွေများကိုထိ ရောက်စွာ စောင့်ကြည့်နိုင်မည့် နည်းလမ်း ရှာဖွေနေသည့် လွှတ်တော်အမတ်များအဖို့တော့ ယင်းသတ်မှတ်ချက်များသည် များစွာအသုံးတည့်သည်။
- EITI လုပ်ရှားမှုများတွင် ပါဝင်ခြင်းဖြင့် လွှတ်တော်အမတ်များသည် ၎င်းတို့မဲဆန္ဒနယ်များမှ တောင်းဆိုချက်များ တင်ပြရန် လွှတ်တော်တွင်းသာမဟုတ်ပဲ လွှတ်တော်ပြင်ပတွင်လည်း နေရာရ လာစေသကဲ့သို့ အခွန်လုပ်ငန်းများ ကြီးကြပ်ခြင်း၊ ဥပဒေရေးဆွဲခြင်းများတွင် ပါဝင်နိုင်လာသည်။
- EITI အဖွဲ့ဝင်နိုင်ငံတိုင်းသည် ညှိနှိုင်းပေါင်းအဖွဲ့ (multi-stakeholder group (MSG)) ဖွဲ့ထားရမည်။ ထိုညှိနှိုင်းပေါင်းအဖွဲ့တွင် လွှတ်တော်အမတ်များလည်း ပါဝင်ရန် ဆန္ဒပြုမှုများလည်း ရှိနိုင်သည်။
- ယီမင်နှင့် လိုက်ဘေးရီးယားနိုင်ငံများကိုကြည့်ပါကညှိနှိုင်းပေါင်းအဖွဲ့တွင်ပါလီမန်မှ ပါဝင်ခြင်းကြောင့် အကျိုးများသည်ကို တွေ့ရမည်ဖြစ်သည်။ လွှတ်တော်အမတ်များကို ညှိနှိုင်းပေါင်းအဖွဲ့တွင် ပါဝင်စေရန် ခွင့်ပြုထားခြင်းမရှိသည့် နိုင်ငံများတွင် လွှတ်တော်အမတ်များအနေနှင့် EITI ကောင်းကျိုးများခံစားရရှိစေရန် ဆောင်ရွက်သည့် မဟာ ဗျူဟာအမြောက်အများရှိသည်။

## မိတ်ဆက်

ရေနံ၊ သဘာဝဓါတ်ငွေ့၊ တွင်းထွက်ကဏ္ဍများမှ ရရှိလာသည့် အခွန်များ နိုင်ငံတော် ဘဏ္ဍာထဲ သို့ အပြည့် အဝရောက်ရှိခြင်းရှိမရှိကို သိနိုင်ရန်၊ အခွန်ငွေများ မည်သို့မည်ပုံရရှိလာပုံကို အပြည့်အဝနားလည်ရန်၊ ရရှိလာသည့်ငွေများကို အများပြည်သူအကျိုးအတွက် အသုံးချခြင်းရှိမရှိကို ကောင်းစွာစောင့်ကြည့်နိုင်ရန် အတွက် လွှတ်တော်အမတ်များအနေနှင့် တိကျလတ်ဆတ်သည့် သတင်း အချက်အလက်များ ရရှိထား ရန်လိုသည်။ ဥပမာပြထားခဲ့သည့် လိုင်ဘေးရီးယားကဲ့သို့သော EITI အသက်ဝင်ပြီး နိုင်ငံများတွင် လွှတ်တော်အမတ်များအနေနှင့် အစိုးရကို စောင့်ကြည့်နိုင်ရန် လိုအပ်သည့် သတင်းအချက် အလက်များကို EITI မှတဆင့်ရရှိသည်။ လွှတ်တော်အမတ်များသာမက ပြည်သူများကလည်း ငွေဝင် ငွေထွက်ကို တိတိ ကျကျသိရသည်။ အခွန်ကောက်ယူမှုစနစ်တိုးတက်ရေး၊ ယင်းကဏ္ဍများ ပြုပြင်ပြောင်းလဲ မှုများပြုလုပ်ရန် အတွက်လည်း EITI က အလွန်အထောက်အကူပြုသည်။

## သဘာဝသယံဇာတတူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမှုနှင့် EITI အခန်းကဏ္ဍ

ကမ္ဘာ့ အဆင်းရဲဆုံးလူဦးရေ၏ ၃ပုံ ၂ပုံသည် သဘာဝသယံဇာတကြွယ်ဝသည့် တိုင်းပြည်များတွင် နေထိုင်ကြသူများဖြစ်သည်။ယင်းသ ယံဇာတများထုတ်ယူရာမှရရှိလာသည့်အခွန်များကိုထိထိရောက်ရောက် အသုံးပြုမည်၊ တာဝန်ယူစိတ်နှင့်ပြည့်ဝသော အုပ်ချုပ်စီမံမှုများ ရှိမည်ဆိုပါက ဆင်းရဲတွင်းမှ လွတ်မြောက် မည်ဖြစ်သည်။ အထက်ဖော်ပြပါ သဘောတရား အတွက် ပွင့်လင်းမြင်သာမှုသည်မရှိမဖြစ် လိုအပ်သည့် အရာဖြစ်သည်။ ပွင့်လင်းမြင်သာမှုရှိမှသာ လွှတ်တော် အမတ်များအနေနှင့် သယံဇာတဝင်ငွေများရသင့်သလောက်ရဧ နသလား လေလွင့်ခြစားနေသလားကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ပြည်သူပြည်သားများ နှင့် ၎င်းတို့ကိုယ်စားလှယ်များသည်လည်း အခွန်ငွေ အသုံးပြုပုံနှင့် ပတ်သက်ပြီး အစိုးရကိုပြန်လှန် ထောက်ပြမေးမြန်းနိုင်စေမည်ဖြစ်သည်။

လွန်ခဲ့သည့်နှစ်များအတွင်းဆောင်ရွက်ခဲ့လေသော ပွင့်လင်းမြင်သာမှုဆိုင်ရာလှုပ်ရှားမှုများကရေနံ၊သဘာဝဓါတ်ငွေ့၊တွင်းထွက်လုပ်ငန်းများမှ ရရှိလာသည့် အခွန်ငွေနှင့် ပတ်သက်သည့် အချက်အလက် များ ဖွင့်ပြရန်အတွက် ကြီးစွာသော အထောက်အကူဖြစ်စေခဲ့သည်။ ဖွင့်ပြပွင့်လင်းခြင်းကပင် ၂၀၀၃ ခုနှစ်တွင် စတင်ခဲ့သည့် EITI ၏ အဓိကရည်မှန်းချက်ကြီးဖြစ်သည်။ သို့သော်လည်း တာဝန်ခံမှုများမြင့်တက်လာစေ ရန်ပွင့်လင်းမြင်သာမှုဖြင့်ဖော်ဆောင်ရန်အတွက်တွင်းထွက်လုပ်ငန်းမှနိုင်ငံအနေနှင့်ဝင်ငွေမည်ရွေ့မည်မျှရနေသည်ကို သေချာစွာသိနေရမည်ဟူသော အသိနှင့် ပတ်သက်ပြီး သဘောတူညီသူအရေအတွက် တနေ့ တခြားများပြားလာနေသည်။

*လွန်ခဲ့သည့်နှစ်များအတွင်း ဆောင်ရွက်ခဲ့လေသော ပွင့်လင်းမြင်သာမှုဆိုင်ရာ လှုပ်ရှားမှုများက ရေနံ၊ သဘာဝဓါတ်ငွေ့၊ တွင်းထွက်လုပ်ငန်းများမှ ရရှိလာသည့် အခွန်ငွေနှင့် ပတ်သက်သည့် အချက်အလက် များ ဖွင့်ပြရန်အတွက် ကြီးစွာသော အထောက်အကူဖြစ်စေခဲ့သည်။*

ကမ္ဘာလုံးဆိုင်ရာလိုအပ်တောင့်တနေမှုအတွက် EITI က ၂၀၁၃ တွင် စံသတ်မှတ်ချက်အသစ်ကို ထုတ်ပြန် ခဲ့သည်။ ထိုသတ်မှတ်ချက်အသစ်အရ EITI အဖွဲ့ဝင်နိုင်ငံများအနေနှင့်ပို၍တိကျပွင့်လင်း သော အစီရင် ခံစာများကို ထုတ်ပြန်ရတော့မည်ဖြစ်သည်။ ဥပမာပြောရလျှင် စံသတ်မှတ်ချက်အသစ်တွင် သတ်မှတ် ချက်အရ လိုင်စင်ချထားပေးရေးလုပ်ငန်းစဉ်များ၊သဘောတူညီချက်များ၊ ဥပဒေမူဘောင်များ၊ နိုင်ငံပိုင် ရေနံ၊ သဘာဝဓါတ်ငွေ့ ၊ တွင်းထွက်ကုမ္ပဏီများ၏ ရသုံးစရိတ်များ၊ ပြည်နယ် အဆင့် အစိုးရများသို့ ခွဲဝေပေးပုံ များနှင့် ပတ်သက်ပြီး ပွင့်လင်းစွာတင်ပြရန်ဖြစ်လာသည်။ သယံဇာတမှ ရရှိသည့် အခွန်ငွေ များလည်ပတ် ပုံကို နားလည်ရန်အတွက် အထက်ဖော်ပြခဲ့ပါ သတင်းအချက်အလက်များကို သိထား နားလည်ထားရန် အလွန်အရေးကြီးသည်။


ထို့ပြင် EITI လုပ်ငန်းစဉ်များတွင် မဖြစ်မနေဆောင်ရွက်ရမည့် အစီရင်ခံ ခြင်းလုပ်ငန်းစဉ်တရပ်ပါသည်။ အမေရိကန်နိုင်ငံတွင် (Dodd-Frank Act အရ) ဥရောပသမဂ္ဂတွင် (EU Accounting and Transparency Directive) အရမှတ်ပုံတင်ထားသည့်၊ သို့မဟုတ် လုပ်ငန်း လည်ပတ်နေသည့် ကုမ္ပဏီများသည် ၄င်းတို့ လုပ်ငန်းလည်ပတ်ရာ နိုင်ငံများတွင် အသုံးပြုထား ပေးချေထားသည်များကို ပြန်လည်အစီရင်ခံရမည်ဖြစ်သည်။ ၄င်းတို့ လုပ်ငန်းလည်ပတ်ရာနိုင်ငံသည် EITI အဖွဲ့ဝင်နိုင်ငံ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အစီရင်ခံတင်ပြရမည်ဖြစ်သည်။

အပေါင်းလက္ခဏာတိုးတက်မှုများအပြင် ဆက်လက်ပြင်ဆင်မှုပြုလုပ်ရန် လိုအပ်သည်များလည်းရှိသည်။ ရေနံ ဓါတ်ငွေ့ တွင်းထွက် ကဏ္ဍစီမံအုပ်ချုပ်မှုများနှင့် ပတ်သက်ပြီး တကမ္ဘာလုံး အတိုင်းအတာ ကောက်ယူ ထားသည့် သယံဇာတစီမံမှုဇယား Resource Governance Index[1] တွင် ပါဝင်သော သယံဇာတ သူဌေးနိုင်ငံ ၅၈ နိုင်ငံရှိသည့်အနက် ၈ဝရာခိုင်နှုန်းသော နိုင်ငံများသည် ကျေနပ်ဖွယ်ရာ အဆင့် သတ်မှတ်ချက်တွင်ရှိမနေပဲ တဝက်ကျော်ကတော့ တွင်းထွက်ကဏ္ဍ၏ အရေးပါသော သတင်းအချက် အလက်များ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

## သယံဇာတတူးဖော်ရေးလုပ်ငန်းများပွင့်လင်းမြင်သာမှုဆောင်ရွက်ချက် (EITI)

EITI ဆိုသည်မှာ ရေနံ၊ ဓါတ်ငွေ့၊ တွင်းထွက်တူးဖော်ရေးကဏ္ဍတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုများ ပိုမိုကောင်းမွန်လာစေ ရန် နိုင်ငံတကာအဆင့် ဆောင်ရွက်ချက်တခုဖြစ်သည်။ ပါဝင်လိုသည့် နိုင်ငံများက ဆန္ဒအလျောက် အဖွဲ့ဝင်ဖြစ်ထားခွင့်လျှောက်ကြသည်။ အဖွဲ့ဝင်ဖြစ်ပါက အနိမ့်ဆုံးသတ်မှတ်ထား ချက်များကို ပြည့်မီအောင်လိုက်နာရမည်။ ထိန်းသိမ်းရမည်ဖြစ်သည်။ ၂၀၁၄ ဩဂုတ်လထိ အဖွဲ့ဝင် အဖြစ်လက်ခံခဲ့သည့်နိုင်ငံ ၂၉ နိုင်ငံရှိပြီး လျှောက်ထားဆဲ ၁၇ နိုင်ငံရှိသည်။


ပုံ ၁၊ EITI အဖွဲ့ဝင်နိုင်ငံများ



EITI Secretariat, www.eiti.org/countries

1 Natural Resource Governance Institute, 2013 Resource Governance Index, စာမျက်နှာ ၇ သို့ လေ့လာရန် http://www.resourcegovernance.org/rgi.

EITI လုပ်ရှားမှုတွင်ပါဝင်သည့်နိုင်ငံများမှ ရေနံ၊ ဓါတ်ငွေ့၊ တွင်းထွက်တူးဖော်ရေး ကုမ္ပဏီများအနေနှင့် အစိုးရသို့ပေးသွင်းရသည်များကို ထုတ်ပြန်ရသကဲ့သို့ အစိုးရကလည်း မည်ရွေ့မည်မျှရပါသည်ကို ထုတ်ပြန် ရသည်။ လွတ်လပ်သော စောင့်ကြည့်သူ (independent administrator) က နှစ်ဖက်ထုတ်ပြန်သည့် အချက်အလက်များကို စုစည်းပြီး လီဆယ်ထားမှုရှိမရှိ တိုက်ဆိုင်စစ်ဆေးသည်။ EITI ဆောင်ရွက်နေသည့် နိုင်ငံများသည်လည်း လိုင်စင်၊ လိုင်စင်ချထားပေးခြင်း၊ ငွေမဟုတ်သည့် အခြားပေးသွင်းမှုများ၊ သတ်မှတ် ထားသော လူမှုကဏ္ဍ လှူဒါန်းအသုံးပြုမှုများ၊ တိုင်းနှင့် ပြည်နယ်အဆင့် ပေးသွင်းမှုများ၊ သယ်ပို့ အခွန်များ၊ ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များကို ဖွင့်ပြရသည်။ EITI အရ စာချုပ်များ၊ တွင်းထွက် တူးဖော်သည့် ကုမ္ပဏီများ၏ ပိုင်ရှင်အစစ်အမှန်မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် သတင်းအချက် အလက်များကို လည်း ထုတ်ပြန်ပေးရသည်။[2]




ပုံ ၂၊ EITI စံသတ်မှတ်ချက်

EITI အဖွဲ့ ဝင်နိုင်ငံများသည် အရပ်ဖက်လူ့အဖွဲ့အစည်း၊ လုပ်ငန်းရှင်များ၊ အစိုးရဘက်မှ ကိုယ်စားလှယ်များပါဝင် သည့် ညှိနှိုင်းပေါင်းအဖွဲ့ ကိုဖွဲ့ စည်းရသည်။ ယင်းညှိနှိုင်းပေါင်းအဖွဲ့ သည် EITI လုပ်ငန်း စဉ်နှင့်မှတ်တမ်း အစီရင် ခံစာကိုပြုစုထုတ်ပြန်သည်။ နိုင်ငံ၏တွင်းထွက်လုပ်ငန်းများ စီမံရာ တွင်ကြုံ တွေ့နေ ရသည့် မူဝါဒဆိုင်ရာ အကျပ်အတည်းကြီးများကိုနိုင်ငံအဆင့် EITIလုပ်ငန်းစဉ်များမှတဆင့် ရှင်းသွား နိုင်ရန် အတွက် ယင်း ညှိနှိုင်းပေါင်း အဖွဲ့ ကြီးကကြိုးစားရ မည်ဖြစ် သည်။ ညှိနှိုင်းပေါင်းအဖွဲ့ တွင် လွှတ်တော် အမတ် များ လည်း ပါဝင် ကောင်း ပါဝင်နိုင်သည်။

## မြန်မာနိုင်ငံနှင့် EITI

မြန်မာနိုင်ငံကို EITI လျှောက်ထားဆဲ၊ လိုအပ်ချက်များအကောင်အထည်ဖော်နေဆဲနိုင်ငံအဖြစ် ၂၀၁၄ ဇူလိုင် ၂ ရက်နေ့၊ မက္ကဆီကိုနိုင်ငံတွင်ပြုလုပ်သည့် အစည်းအဝေးတွင်လက်ခံအသိအမှတ်ပြုခဲ့သည်။ အဖွဲ့ ဝင် လောင်းအဖြစ်လက်ခံခဲ့ချိန်သည် အချိန်ကိုက်ပင်ဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာနက ကုန်းတွင်းရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ကွက် ၁၆ ကွက်ကို ၂၀၁၃ အောက်တိုဘာတွင် တိတ်တဆိတ်ချထားပေးသည်။ ၂၀၁၄ မတ်လတွင် ကမ်းလွန်ရေနံလုပ်ကွက် ၂၀ ကိုလည်း မည်သူမျှမသိလိုက်ပဲချထားပေးခဲ့သည်။ ထို့ပြင် ဆွေးနွေးအကြံယူခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ကြောင့် ရွှေဂတ်စ်ပိုက်လိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တရုတ်ပိုင် ကြေးနီတွင်းများ အစရှိသော အချို့ စီမံကိန်းများက အများပြည်သူ ယုံကြည်မှုကိုလျော့ကျစေ၊ ထို့ထက်မက  လူမှုဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက် စေနိုင်ခြင်းတို့ဖြစ်ပေါ် လျက်ရှိနေသည်။

2 The EITI Standard, စာမျက်နှာ ၈ သို့ လေ့လာရန် http://eiti.org/files/English_EITI%20STANDARD_11July_0.pdf

၂၀၁၂ နှစ်ကုန်ပိုင်းတွင် သမ္မတဦးသိန်းစိန်က သမ္မတ ဒီဂရီ ၉၉ /၂၀၁၂ ဖြင့် EITI လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံတွင် တရားဝင် အများပြည်သူကို အသိပေးပြီး စတင်ခဲ့သည်။ Myanmar Development Resource Institute ၏ The Centre for Economic and Social Development (MDRI-CESD) သည် အစိုးရနှင့် အခြားသက်ဆိုင်သူများ၏ EITI လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကူညီပေးရန် ၊ အသိ အမြင် ဖွံ့ဖြိုးပမ်းမှုများပြု လုပ်ရာတွင်အဓိကစီစဉ်ဆောင် ရွက်သူအဖြစ်နှင့် ဆောင်ရွက်ရန် ပုံစံချထား ခဲ့သည်။

တဆက်တည်းမှာပင် ၂၀၁၃ ဖေဖော်ဝါရီတွင် မြန်မာနိုင်ငံမှ EITI လုပ်ငန်းများ အကောင်အထည်ဖော်နေမှု ကို စောင့်ကြည့်ရန် ညွှန့်ပေါင်းအဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ ညွှန့်ပေါင်းအဖွဲ့တွင် အစိုးရမှ ၆ ဦး၊ လုပ်ငန်းရှင်များ ဘက်မှ ၆ ဦး၊  အရပ်ဖက်လူ့အဖွဲ့အစည်းဘက်မှ ၉  ဦးပါဝင်သည်။ အရပ်ဖက်လူ့အဖွဲ့အစည်းများက ၄င်းတို့ ကိုယ်စားလှယ်များကို အသစ်စုစည်းထားသော  Myanmar Alliance for Transparency and Accountability (MATA) မှတဆင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်ထိတော့ ညွှန့်ပေါင်းအဖွဲ့တွင် လွှတ်တော်အမတ်များမှ ပါဝင်ခြင်းမရှိသေးပါ။

မြန်မာနိုင်ငံ၏ ပထမဆုံး EITI အစီရင်ခံစာထွက်ရမည့်နေ့မှာ ၂၀၁၆ ဇန်နဝါရီ ၂ ရက်နေ့တွင်ဖြစ်သည်။ ၂၀၁၇ ဇန်နဝါရီတွင်တော့ ပထမအကြိမ် စစ်ဆေးခြင်းကိုခံရမည်ဖြစ်သည်။ EITI သတ်မှတ်ချက်များနှင့် ဖီလာဆန့်ကျင်မှုများရှိမရှိကို ပြင်ပမှ လွတ်လပ်စွာ စစ်ဆေးမည့်လုပ်ငန်းစဉ်ဖြစ်သည်။ မြန်မာနိုင်ငံအနေနှင့် ဥပဒေရေးရာသုံးသပ်မှုများ၊ EITI အကောင်အထည်ဖော်ရာတွင် အတားအဆီးဖြစ်စေသည့် ဥပဒေရေးရာ အတားအဆီးများကို ပြန်လည်သုံးသပ်ခြင်းကိုလည်း လုပ်ဆောင်ရမည်ဖြစ်သည်။ ညွှန့်ပေါင်းအဖွဲ့အနေနှင့် EITI အကောင်အထည်ဖော်မှုများ ချောမွေ့စေရန်အတွက် ဥပဒေအ ချို့ပြင်ဆင်ရေး အပါအဝင် အခြား ဆက်စပ်အကြောင်းအရာများအတွက်  EITI နှင့်ပတ်သက်သည့် ဒုတိယကြိမ်မြောက် ဒီဂရီချပေးရေး တင်ပြရန် စဉ်းစားလျက်ရှိသည်။

*စာချုပ်များဖွင့်ချခြင်း လိုင်စင်ချထားပေးခြင်းများ ဖွင့်ပြခြင်းတို့သည် မြန်မာ့ တွင်းထွက်ကဏ္ဍစီမံ စီမံအုပ်ချုပ်မှုအတွက် အရေးအကြီးဆုံးခြေလှမ်းတရပ် ဖြစ်သည်။*

အလျင်အမြန်အကောင်အထည်ဖော်ပါက EITI သည် မြန်မာ့တွင်းထွက်ကဏ္ဍအုပ်ချုပ်စီမံမှုအတွက် များစွာ သော ကောင်းကျိုးများဖြစ်ထွန်းစေမည့် အလားအလာရှိနေသည်။ EITI စံသတ်မှတ်ချက်များအရ ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်များတူးဖော်ရေး ဆိုင်ရာစာချုပ်များ၊ ချထားပေးသည့် လိုင်စင်များကို ဖွင့်ပြရန်ဖြစ် သည်။ စာချုပ်များဖွင့်ချခြင်း လိုင်စင်ချထားပေးခြင်းများ ဖွင့်ပြခြင်းတို့သည် မြန်မာ့တွင်းထွက်ကဏ္ဍစီမံ အုပ်ချုပ်မှုအတွက် အရေးအကြီးဆုံးခြေလှမ်း တရပ်ဖြစ်သည်။ စာချုပ်များကို ပွင့်လင်းမြင်သာမှုရှိအောင် ဖွင့်ပြခြင်းဖြင့် လုပ်ငန်းရှင်များ၊ အစိုးရများနှင့် ပြည်သူများကြား အပြုသဘောဆက်ဆံရေးကို ဖြစ်ထွန်းစေ သည်။ ပဋိပက္ခများကိုလျော့ကျစေပြီး တည်ငြိမ်မှုများဖြစ်ပေါ်စေသည်။ ထုတ်ယူမှု အချိန်ကာလ၊ ထုတ်ယူ ပုံများနှင့် ပတ်သက်ပြီး လက်တွေ့ဆန်သည့်မှန်းဆချက်များရရှိစေရန်ကူညီပေးသဖြင့် အစိုးရ အနေနှင့်  တိကျသည့် အခွန်ပမာဏကိုရရှိစေသည်။ ခန့်မှန်းအခွန်မှန်းဆရာတွင် ပိုမိုလွယ်ကူစေသည်။ စာချုပ်များ ဖွင့်ပြခြင်းဖြင့် ညွှန့်ပေါင်းအဖွဲ့အနေနှင့် စည်းကမ်းလိုက်နာမှုရှိမရှိကို စစ်ဆေးနိုင်စွမ်းပိုမိုမြင့်တင်ပေးသည်။ အစိုးရ၊ လုပ်ငန်းရှင်၊ ဆက်စပ်သူအားလုံး အနေနှင့် စီမံကိန်းအကောင်အထည်ဖော်ရာတွင် တာဝန်ခံမှုရှိရှိနှင့် ဆောင်ရွက်နိုင်ရန် လည်းတွန်းအားဖြစ်စေသည်။ EITI သတ်မှတ်ချက်များအရ နိုင်ငံများသည် တွင်းထွက်  လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်မည့်၊ ရင်းနှီးမြှုပ်နှံမည်၊ လုပ်ငန်းလည်ပတ်မည့် ကုမ္ပဏီများ၏ ပိုင်ဆိုင်မှု အသေးစိတ်ကို ထိန်းသိမ်းထားရမည်ဖြစ်သည်။ မြန်မာ့ သဘာဝသယံဇာတများကို အမှန်တကယ် ချုပ်ကိုင် ထားသူ၊ ပိုင်ဆိုင်မှုခွဲဝေခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းမရှိသည်နှင့် ပတ်သက်ပြီး စိုးရိမ် မှုများမြင့်တက်လာလျက်ရှိသည်။ EITI စံသတ်မှတ်ချက် အသစ်များကို လက်တွေ့အကောင်အထည် ဖော်ခဲ့ပါက နိုင်ငံသားများသည် နိုင်ငံ၏ ရတနာ ရင်းမြစ်များကို မည်သူက ထိန်းချုပ်နေသည်ကို အတိအကျ သိနိုင်မည်၊ အစိုးရအနေနှင့်လည်း ၄င်း၏ အုပ်ချုပ်စီမံမှုဆိုင်ရာ ရည်မှန်းထားချက်များ၊ ပွင့်လင်းမြင်သာမှုများ ကို တိုးမြင့်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

## EITI တွင်ပါဝင်ခြင်းကောင်းကျိုးများ

ရေနံ၊ ဓါတ်ငွေ့၊ တွင်းထွက်တူးဖော်ရေးမှ ရရှိသည့် ဝင်ငွေများကို အများပြည်သူအကျိုးအတွက် အသုံး ပြုခြင်း ရှိမရှိကိုစစ်ဆေးရာတွင် လွှတ်တော်၏အခန်းကဏ္ဍသည် မပါမပြီးအောင် အရေးပါသည်။ လွှတ်တော် အမတ်များအနေနှင့် ယင်းနေရာမှ ထိရောက်စွာတာဝန်ထမ်းဆောင်နိုင်ရန် EITI လုပ်ငန်းစဉ်များ က အထောက်အကူပြုသည်။ မှန်ကန်စွာဆောင်ရွက်သည့် EITI လုပ်ငန်းစဉ်ကိုသာ ဆိုလိုခြင်းဖြစ်သည်။ ကမ္ဘာ တလွှားမှတွေ့ကြုံခဲ့ပြီးသော သင်ခန်းစာများအရ EITI သည်ပြုပြင်ပြောင်းလဲရေးပြုလုပ်ရန်၊ စောင့် ကြည့်သည့် လုပ်ငန်းများအတွက် အသုံးတည့် နည်းလမ်းတခုဖြစ်နိုင်သကဲ့သို့အပေါ်ယံ အမည်ခံ ဆောင်ရွက် သွားသည့် နည်းလမ်းအဖြစ်အသုံးချခံရခြင်းလည်းရှိနိုင် သည်။ လွှတ်တော်အမတ်များ အနေနှင့် ၄င်းတို့ တိုင်းပြည်တွင်တော့ အမည်ခံ EITI မဟုတ်ပဲ အမှန်အကန် EITI သက်ဝင်လှုပ်ရှားရန် ဆန္ဒရှိ ကြမည်ဖြစ် သည်။ သို့မှသာ ၄င်းတို့၏ စောင့်ကြပ်ကြည့်ရှုရေးနှင့် ဘတ်ဂျတ်ပိုင်းဆိုင်ရာ တာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

EITI နှင့် ၄င်းမှတဆင့်ဖော်ထုတ်လိုက်သည့် သတင်းအချက်အလက်များသည် လွှတ်တော်အမတ် များကို အောက်ဖော်ပြပါ နည်းအမျိုးမျိုးဖြင့် ပံ့ပိုးပေးနိုင်သည်။

- **စောင့်ကြည့်မှု အားကောင်းစေခြင်း ။** EITI အစီရင်ခံစာသည် အုပ်ချုပ်စီမံမှုဆိုင်ရာ အားနည်း ချက်များကို ဖော်ထုတ်သဖြင့် ရေနံ၊ ဓါတ်ငွေ့၊ တွင်းထွက်တူးဖော်ရေး စီမံမှုနှင့် ပတ်သက်ပြီး အစိုးရ ဆောင်ရွက်မှုများကို စောင့်ကြည့်နေသည့် လွှတ်တော်အမတ်များအား အထောက်အကူဖြစ်စေ သည်။ EITI အစီရင်ခံစာ တော်တော်များများသည် ကုမ္ပဏီများပေးသွင်းမှုနှင့် အစိုးရလက်ခံ ကြားမှကွာဟမှုများ၊ အခွန်ကောက်ခြင်း၊လိုင်စင်ချပေးခြင်းလုပ်ငန်းများ၏ အားနည်းချက်များ၊ ဆုံးရှုံး ရသည့် အခွန်ငွေများ ဉပမာ ပြန်မဆပ်သည့်အကြွေးများကိုဖော်ထုတ်လေ့ရှိ သည်။ စုံစမ်း စစ်ဆေး ခြင်းမှဖြစ်စေ အခြားနည်းလမ်း အသုံးပြုခြင်းဖြင့် ဖြစ်စေလွှတ်တော်အမတ်များ အနေနှင့် ပြဿနာ များကို ရှင်းရန် ပြောဆိုနိုင်သည်။ ပြင်ဆင်မှုများ၏ ဖြစ်ထွန်းတိုးတက်မှုကို ခြေရာခံနိုင် သည်။

- **ကဏ္ဍဆိုင်ရာ ဉပဒေပြုမှု။** လွှတ်တော်အနေနှင့် ရေနံ၊ ဓါတ်ငွေ့၊ တွင်းထွက်တူးဖော်ရေးကဏ္ဍကို စီမံ မည့် ဉပဒေများကို ပြင်ဆင်ရေးဆွဲခြင်း၊ သုံးသပ်ခြင်း၊ ပြုပြင်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်သည်။ ဆုံးဖြတ်ချက်များချသည့်အခါတွင် ကဏ္ဍအလိုက်တိကျသည့် သတင်းအချက်အလက်များ အပေါ် တွင် မူတည်ဆုံးဖြတ်ရမည်ဖြစ်သည်။ တိကျသည့်သတင်းအချက်အလက်ဆိုသည်မှာ တခါတရံ ရရှိရန်ခက်ခဲသည့် သဘောရှိသည်။ EITI အစီရင်ခံစာများက တွင်းထွက်တူးဖော်ရေး လုပ်ငန်းတွင် မည်သည့် ကုမ္ပဏီက ကြီးစိုးနေသည်၊ နိုင်ငံပိုင်လုပ်ငန်းများ၏ အခန်းကဏ္ဍ၊ အခွန် ငွေရရှိရာ ရင်းမြစ်နှင့် မည်သူကကောက်ယူနေသည် တို့နှင့် ပတ်သက်သည်များကို တိကျထိကာ ဖော်ပြထား သည်။ လက်ရှိစီမံမှုအလွဲများကိုလည်း ထောက်ပြထားသည်။ ထို အကြောင်းအဆိုး အားလုံးကို ဉပဒေပြုသည့်အခါတွင် ထည့်သွင်းစဉ်းစားသင့်သည်။

*EITI ညွှန့်ပေါင်းအဖွဲ့တွင် ပါဝင်ခြင်းဖြင့် ရေနံ၊ ဓတ်ငွေ့၊ တွင်းထွက်တူးဖော်ရေး လုပ်ငန်းများ စောင့်ကြည့်ခြင်း လုပ်ငန်းကို လွှတ်တော်မှ ဖိဖိစီးစီး ဆောင်ရွက် နိုင်မည်ဖြစ်သည်။*

- **ဘတ်ဂျတ်ဆိုင်ရာဆုံးဖြတ်ချက်ချခြင်း။** ရင်းမြစ်ပေါ်တွင် မှီခိုနေသည့် နိုင်ငံများအဖို့တော့ ဘတ်ဂျတ် ဆိုင်ရာ ဆုံးဖြတ်ချက်များချသည့်အခါတွင် နိုင်ငံ၏ အဓိက ငွေဝင်လမ်းကြောင်းဖြစ်သော ရေနံ၊ ဓါတ်ငွေ့၊ တွင်းထွက်တူးဖော်ရေးတို့မှ ရရှိသည့် ဝင်ငွေများအကြောင်းကို ကောင်းစွာနားလည် ပြီးမှ ချမှတ်သင့်သည်။ အသေးစိတ်ရေးသားထားသည့် EITI အစီရင်ခံစာများကို နှစ်အလိုက် ကောင်းစွာ ထိန်းသိမ်းထားပါက နှစ်အလိုက်ဖြစ်ပေါ်ခဲ့သည့် အခွန်ဝင်ငွေ၊ အခွန်အဓိက ရရှိသည့် လမ်းကြောင်း များနှင့် ပတ်သက်ပြီးလေ့လာနိုင်မည်ဖြစ်သည်။

- **မဲဆန္ဒရှင်ပြည်သူများ၏ စိုးရိမ်မှုများကို တင်ပြနိုင်ခြင်း။** ဘဏ္ဍာရေးဆိုင်ရာ စိစစ်မှု ပိုမိုအားကောင်း စေရန်၊ နိုင်ငံအဆင့် ဉပဒေပြုမှုများပိုမိုကောင်းမွန်လာစေရန်အတွက် EITI အစီရင်ခံစာမှ အချက် အလက်များ၊ အကြံပြုချက်များကို အသုံးချနိုင်သည့်အပြင် EITI သတ်မှတ်ချက်များသည် မဲဆန္ဒရှင် များပူပန်လျက်ရှိသည့် အကြောင်းအရာများကို လေးလေးနက်နက် စုံစမ်းမှုများပြုလုပ်နိုင်ရန် လမ်းခင်းပေးသည်။ ဉပဒေပြုအမတ်များအနေနှင့် အသေးစိတ်စစ်ဆေးမှုများကို EITI လုပ်ငန်းစဉ် များမှ တဆင့်လုပ်ဆောင်နိုင်သည်။ EITI ညွှန့်ပေါင်းအဖွဲ့တွင်ပါဝင်ခြင်းဖြင့် ရေနံ၊ ဓတ်ငွေ့၊ တွင်းထွက်တူးဖော်ရေးလုပ်ငန်း များ စောင့်ကြည့်ခြင်းလုပ်ငန်းကို လွှတ်တော်မှ ဖိဖိစီးစီး ဆောင်ရွက် နိုင်မည်ဖြစ်သည်။

## EITI လုပ်ငန်းစဉ်များတွင် လွှတ်တော်အမတ်များပါဝင်လာစေရန် ဖိတ်ခေါ်ခြင်း

လွှတ်တော်အနေနှင့် ဉပဒေပြုအာဏာ၊ နိုင်ငံရေးအာဏာများအသုံးပြုပြီး EITI လုပ်ငန်းစဉ်တွင် အပြုသဘောဆောင်ပါဝင်နိုင်သည်။ အောက်ဖော်ပြပါ လှုပ်ရှားမှုများမှာ လွှတ်တော်အမတ်များအနေနှင့် EITI လုပ်ငန်းစဉ် တလျှောက် ပါဝင်နိုင်သည့် နေရာချိန်ခါများကို ဖော်ပြထားသည်။ ပါဝင်နိုင်သည့် နေရာ ချိန်ခါအပြည့်အစုံကို EITI Guide for legislator နောက်ဆက်တွဲ ခ၊တွင် ဖတ်ရှုနိုင်သည်။ www.eiti.org/files/MP_EITI_Guide.pdf

- **ပြင်ဆင်မှုအဆင့်။** ညွှန့်ပေါင်းအဖွဲ့တွင် အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် လုပ်ငန်းရှင်များ အပြည့်အဝ ပါဝင်နိုင်ရန်တွန်းအားပေးနိုင်သည်။အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ ညွှန့်ပေါင်း အဖွဲ့တွင် အပြည့်အဝပါဝင်နိုင်မှုကို အတားအဆီးဖြစ်စေသည်များကို အစိုးရအနေနှင့် ဖြေရှင်း ပေးရန် တိုက်တွန်းနိုင် သည်။ ညွှန့်ပေါင်းအဖွဲ့တွင် လွှတ်တော်က ပါဝင်နိုင်မည့် နည်းလမ်း ရှာဖွေသည်။ EITI စံသတ်မှတ်ချက် အသစ်တွင် ပါဝင်သည့် သတ်မှတ်ချက်များ၊ တိုက်တွန်း ထားချက်များကို ဖြည့်ဆည်းလိုက်နာခြင်း ရှိမရှိ စစ်ဆေးခြေရာခံသည်။ EITI ဖြင့် ပြည်သူ ပြည်သားတို့ အဓိကစိုးရိမ်ချက်များကို ဖြေရှင်းပေးနိုင်အောင် ဆောင်ရွက်သည်။ EITI လုပ်ငန်းစဉ်များကောင်းစွာလည်ပတ်နိုင်ရန် ငွေရေးကြေးရေး ပြည့်စုံမှုရှိမရှိ စောင့်ကြည့် ပေးနိုင်သည်။

- **ဖွင့်ပြခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။** အစီရင်ခံစာတွေ့ရှိချက်များကို ဆွေးနွေးရန်အတွက် ပြည်သူလူထုနှင့် စည်းဝေးပြုလုပ်ခြင်း၊ လွှတ်တော်တွင် မေးမြန်းမှုများပြုလုပ်ခြင်းဖြင့် အစိုးရ တာဝန်ယူဆောင်ရွက်ပေးနိုင်ရန်တိုက်တွန်းခြင်း၊ အစိုးရဆောင်ရွက်ချက်များ အသားပေးဖော်ပြ သည့် ကော်မတီအစီရင်ခံစာရေးသားထုတ်ပြန်ခြင်း

- **ဖြန့်ဝေပျံ့နှံ့စေခြင်း။** EITI အစီရင်ခံစာသည် ပြည်သူကြားထဲ အမှန်တကယ် ဖြန့်ဝေထားစေရန် စောင့်ကြည့်ခြင်း၊ အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် လက်တွဲလျက် ဖြန့်ဝေခြင်း၊ ကော်မတီကိုအခြေပြု လျက် EITI ပျံ့နှံ့ရေးဆောင်ရွက်ခြင်း

စစ်ဆေးခြင်း။ အစိုးရအနေနှင့် စစ်ဆေးပြင်ဆင်မှုများပြုစေရေး တွန်းအားပေးဂုန်အတွက် အစီရင်ခံ စာတွေ့ရှိချက်များကို လူထုကြားနာမှုပြုလုပ်ခြင်း၊ စစ်ဆေးရေးအစီရင်ခံစာများ ဆောင်းခံခြင်း၊ ယခင်ဆောင်ရွက်ခဲ့ပြီးသော EITI လုပ်ငန်းများနှင့် နှိုင်းယှဉ်စစ်ဆေးခြင်း။

ထို့ပြင် EITI စံသတ်မှတ်ချက်များ ပိုမိုတိကျစွာလိုက်နာလာရန် လွှတ်တော်အမတ်များအနေနှင့် ၎င်းတို့ကို အပ်နှင်းထားသည့် အာဏာကို အသုံးပြုနိုင်သည်။ အစိုးရပြောင်းသွားသော်လည်း EITI လုပ်ငန်းစဉ် တည်တံ့နိုင်စေရန် ဥပဒေပြုသတ်မှတ်ခြင်း၊ ဘတ်ဂျတ်ရေးဆွဲခြင်း၊ စာရင်းစစ်ခြင်းလုပ်ငန်းစဉ်များတွင် EITI ကို ပူးတွဲအသုံးချစေရန် ဥပဒေပြုခဲ့သည့် နိုင်ဂျီးရီးယား၊ လိုက်ဘေးရီးယားတို့မှ လွှတ်တော်အမတ်များကို ဥပမာယူနိုင်သည်။ကုမ္ပဏီများ၊ အစိုးရဌာနများသည် EITI သို့ သတင်းအချက်အလက်ပေးပို့ရန် ဥပဒေ ကြောင်းအရ တာဝန်ရှိလာသဖြင့် EITI ဥပဒေပြုလိုက်ခြင်းသည် သတင်းအချက်အလက် စုဆောင်းရာတွင် အထောက်အကူ ပြုသည်။

*အစိုးရပြောင်းသွားသော်လည်း EITI လုပ်ငန်းစဉ် တည်တံ့နိုင်စေရန် ဥပဒေပြုသတ်မှတ်ခြင်း၊ ဘတ်ဂျတ်ရေးဆွဲခြင်း၊ စာရင်းစစ်ခြင်းလုပ်ငန်းစဉ်များတွင် EITI ကို ပူးတွဲအသုံးချစေရန် ဥပဒေပြုခဲ့သည့် နိုင်ဂျီးရီးယား၊ လိုက်ဘေးရီးယားတို့မှ လွှတ်တော်အမတ်များကို ဥပမာယူနိုင်သည်။*

### EITI တွင် လွှတ်တော်မှပါဝင်ခြင်းနှင့် ပတ်သက်ပြီး ယီမင်နှင့် လိုက်ဘေးရီးယားနိုင်ငံ၏ အတွေ့အကြုံ

၂၀၁၄ ဇူလိုင်ထိ ရရှိထားသောသတင်းအချက်အလက်များအရ EITI အဖွဲ့ဝင် ၄၆ နိုင်ငံအနက်မှ အဖွဲ့ဝင်လောင်း၊ အဖွဲ့ဝင်နိုင်ငံ ၈ နိုင်ငံသာ ညွှန့်ပေါင်းအဖွဲ့တွင် လွှတ်တော်အမတ်များပါဝင်မှုရှိသည်။ လွှတ်တော်အမတ်များပါဝင်သည့် နိုင်ငံများအနက်မှ ယီမင်နှင့် လိုက်ဘေးရီးယားတို့၏ အတွေ့အကြုံ သင်ခန်းစာများကို ဖော်ပြလိုက်ရပါသည်။

- ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်ကဏ္ဍကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လွှတ်တော်အမတ်များအနေနှင့် ၎င်းတို့၏ ဥပဒေပြုအာဏာကို အပြည့်အဝ အသုံးချနိုင်သည်။ အသုံးလည်းချသင့်သည်။ လိုင်ဘေးရီးယား နှင့်ယီမင် နိုင်ငံမှ လွှတ်တော်အမတ်များသည် EITI အစီရင်ခံစာဖြစ်မြောက်ရေးအတွက် မဟာဗျူဟာ အမျိုးမျိုးချကာဆောင်ရွက်ကြသည်။ သတင်းအချက်အလက်ကျယ်ကျယ်ပြန့်ပြန့်ရရှိရန် ကြိုးစားကြပြီး တွေ့ရှိချက်များကိုလည်း မဲဆန္ဒရှင်များအား ရှင်းလင်းတင်ပြခြင်းများပြုလုပ်သည်။ EITI အစီရင်ခံစာ အရ အစိုးရ၏ တလွဲဆောင်ရွက်ချက်များပေါ်ပေါက်လာလျင် သက်ဆိုင်ရာဝန်ကြီးကို အကြောင်းခြင်းဖြင့် ပြန်လည် ကုစားခြင်း၊ ပြုပြင်ပြောင်းလဲရေးအတွက် ရှေ့ဆောင်ခြင်းမျိုးကိုလည်း ဆောင်ရွက်ကြသည်။
- လွှတ်တော်က အသုံးချကြည့်ရှုခြင်းဖြင့် EITI အစီရင်ခံစာ၏ တာဝန်ခံမှုများပို အားကောင်းလာ သည်။ အတိအကျပြောရလျင် အစီရင်ခံစာများသည် လွှတ်တော်အမတ်များ စောင့်ကြည့်ရမည့် EITI လုပ်ငန်းဆောင်ရွက်မှု၊ အစိုးရနှင့် လုပ်ငန်းရှင်များ လိုက်နာရမည်များလိုက်နာခြင်း ရှိမရှိကို စောင့်ကြည့်နိုင်ရန်အတွက် တိကျသေချာ သည့်သတင်းအချက်အလက်များပုံမှန်ပေး ပို့ပေးသည်။
- EITI ညွှန့်ပေါင်းအဖွဲ့တွင် လွှတ်တော်အမတ်များ တက်တက်ကြွကြွပါဝင်ခြင်းဖြင့် တွင်းထွက် တူးဖော်ရေးကဏ္ဍပြဿနာများ၊ တိုးတက်မှုများကို ပို၍ကျွမ်းဝင်စေသည်။ လိုအပ်ပါက ဝင်ရောက် စွက်ဖက်နိုင်သည့် နေရာအဖြစ်လည်း ယူဆထားနိုင်သည်။ ညွှန့်ပေါင်းအဖွဲ့ဝင်ဖြစ်ခြင်းမှ ရရှိလာသည့် သတင်းအချက်အလက်များ၊ စဉ်ဆက်မပြတ်ကြားနာသင်ယူမှုများ၊ အဆက်အသွယ် ကျယ်ပြန့်လာခြင်းတို့သည် အချိန်ကုန်၊ လူပန်းရကျိုးနပ်သည်ဟု ဆိုနိုင်လောက်အောင် အကျိုး များသည်။
- ဥပဒေပြုခြင်း၊ နည်းဥပဒေများချမှတ်ခြင်းဖြင့် နိုင်ငံအဆင့် EITI လုပ်ငန်းစဉ်ကို ရေရှည်တည်တံ့ စေနိုင်သကဲ့သို့ ခိုင်ခိုင်မာမာ လည်းဖြစ်စေနိုင်သည်။ ထို့ပြင် လွှတ်တော်၏ ထောက်ခံမှုကိုလည်း ပိုလာစေသည်။ လွှတ်တော်အမတ်များကို ညွှန့်ပေါင်းအဖွဲ့ဝင်များအဖြစ် သတ်မှတ်နေရာချ ထားခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြတ်သားသည့် စည်းမျဉ်းစည်းကမ်းများ၊ အလုပ်အကျ စေလွှတ် မှုများသည် မျှတသော အဓိပ္ပာယ်ပြည့်ဝသော ပါဝင်မှုဖြစ်ရန် လိုအပ်ချက်များဖြစ်သည်။ မျှတ အဓိပ္ပာယ်ရှိမှသာ လွှတ်တော်တခုလုံး၏ အသံကို ကိုယ်စားပြုနိုင်မည်ဖြစ်သည်။
- တွင်းထွက်ကဏ္ဍ အတွေ့အကြုံရှိ၊ နည်းပညာသိသည့် လွှတ်တော်အမတ်များအနေနှင့် ညွှန့်ပေါင်း အဖွဲ့တွင်ပါဝင်ပါက လုပ်ငန်းထိရောက်မှုပိုရှိသည်။ အထူးသဖြင့် လွှတ်တော်အမတ်အနေနှင့် လွှတ်တော်က အထောက်အပံ့မပေးနိုင်သည့် အခါမျိုးတွင် ယင်းအတွေ့အကြုံများ၊ ဗဟုသုတ များသည်သာ အဓိက အားကိုစရာဖြစ်လာသည်။

## လွှတ်တော်အမတ်များအတွက် ဆွေးနွေးရန်မေးခွန်းအချို့

- ညွှန့်ပေါင်းအဖွဲ့ဖွဲ့စည်းပြီးပြီလား။ ညွှန့်ပေါင်းအဖွဲ့တာဝန်များ ထမ်းဆောင်ရန် အသင့်ဖြစ် နေပြီ လား။
- ညွှန့်ပေါင်းအဖွဲ့တွင် ဥပဒေပြုမဏ္ဍိုင်မှ ပါဝင်နေပြီလား။ မပါဝင်ပါက လွှတ်တော် သို့မဟုတ် သက်ဆိုင်ရာ ကော်မတီတခုခုက EITI တွင်ပါဝင်ရန် ဆွေးနွေးမှုများ ရှိနေပြီလား။
- EITI လုပ်ငန်းစဉ်များသည် နိုင်ငံ၏ တွင်းထွက်တူးဖော်ရေးကဏ္ဍမူဝါဒများနှင့် ကိုက်ညီမှုရှိသလား။ EITI လုပ်ငန်းစဉ်များမှ ရရှိလာသည့် သတင်းအချက်အလက်များသည် ဆုံးဖြတ်ချက်ချမှတ်သည့် အခါများတွင် အသုံးပြုနိုင်ပါသလား။  သက်ဆိုင်မှုရှိပါသလား။

- အခွန်ကြီးကြပ်သည့်အစိုးရဌာန၊ အစိုးရသို့ အခွန်ပေးသည့် ကုမ္ပဏီများက ပေးသွင်းငွေ လက်ခံငွေ များနှင့် ပတ်သက်သည့်အချက်အလက်များကို EITI ဆောင်ရွက်သူထံ ပေးပို့ထားပြီးပြီလား။ တဖက်ဖက်မှ သတင်းပေးရန် ပျက်ကွက်မှုများရှိနေသလား။

- EITI အမြင့်ဆုံးသတ်မှတ်ချက်များအရ ကုမ္ပဏီတခုချင်းစီက တွင်းထွက်တူးယူမှု စီမံကိန်းအလိုက် အခွန်ပေးသွင်းမှုကို ဖွင့်ပြခြင်းရှိပြီလား။ မရှိလျင် အဘယ်ကြောင့်မရှိရသည်ကို အစိုးရက ဖြေရှင်း ချက် ထုတ်ခြင်းမျိုးရှိပါသလား။

- အစီရင်ခံစာတွင် ပါဝင်သည့် အချက်အလက်များသည် နိုင်ငံတကာစံနှုန်းအတိုင်း စစ်ဆေး ထားခြင်းမျိုးရှိပါသလား။ ဥပမာ ကုမ္ပဏီ၏ ပြင်ပစာရင်းစစ်က ကုမ္ပဏီရှင်းတမ်းကို မှန်ကန်ကြောင်း သက်သေထူ ခြင်းမျိုးကို ဆိုလိုခြင်းဖြစ်သည်။ မရှိပါက အဘယ်ကြောင့်မရှိရသနည်း။

- နိုင်ငံအနေနှင့် စုစုပေါင်း ဝင်ငွေမည်မျှရှိသနည်း။ တွင်းထွက်ပမာဏ သို့မဟုတ် ဟိုက်ဒရိုကာဘွန် ပမာဏ တန်းတူထုတ်လုပ်သည့် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်မှုများမည်သို့ပြုလုပ်မည်နည်း။ ကွဲပြားမှုများကို အဖြေထုတ်နိုင်သည့် အခြေအနေများရှိနေပါသလား။

- အစီရင်ခံစာတွင် ထုတ်လုပ်ပြီး အရေအတွက်၊ နှုန်းထားများ ပါဝင်ပါသလား။ ပါဝင်သည်ဆိုပါက ရောင်းရငွေ၏ ရာခိုင်နှုန်းမည်မျှကို နိုင်ငံအနေနှင့် ရရှိနေပါသနည်း။

- ရှင်းလင်းခြင်းမပြုရသေးသည့် ကွာဟနေမှုများနှင့် ပတ်သက်ပြီး အစီရင်ခံစာက အလေးထား ဖော်ပြထားခြင်းမျိုးရှိသလား။ ရှိခဲ့ပါက အစိုးရအနေနှင့် ဖြေရှင်းရန် ကြိုးစားမှုများရှိပါသလား။

- အစီရင်ခံစာထဲမှ ကိန်းဂဏန်းများသည် နိုင်ငံဘတ်ဂျတ်တွင်ပါသည့် ကိန်းဂဏန်းများနှင့် ကိုက်ညီမှု ရှိပါသလား။

- အစီရင်ခံစာကို ပြည်သူအများသိရအောင်ဖြန့်ဝေခြင်းမျိုး ရှိပါသလား။ လွှတ်တော်တွင် ဆွေးနွေးရန် တင်ပြထားခြင်းမျိုးရှိပါသလား။

- အစီရင်ခံစာမှ တိုက်တွန်းချက်များကို လွှတ်တော် သို့မဟုတ် သက်ဆိုင်ရာကော်မတီက အကောင် အထည်ဖော်ခြင်းရှိပါသလား။

- အစိုးရအနေနှင့် EITI ဥပဒေကြမ်း တင်သွင်းရန်ရှိပါသလား။ ရှိပါက ယင်းဥပဒေကြမ်းတွင် EITI ၏ အတင်းကျပ်ဆုံးစံသတ်မှတ် (ဥပမာ စာချုပ်ပွင့်လင်းမြင်သာမှု) များ ပါသလား။ မရှိပါက လွှတ်တော် အနေနှင့် ဥပဒေကြမ်းပြုစုခြင်း သို့မဟုတ် ရှိပြီးသား ရေနံ၊ တွင်းထွက် ဥပဒေများကို EITI အကောင် အထည်ဖော်ရာတွင် အသုံးပြုနိုင်အောင် ပြင်ဆင်ခြင်းမျိုး ပြုလုပ်နိုင်ပါသလား

ဆက်လက်လေ့လာရန်စာတမ်းများ

- မြန်မာ၏ EITI ဆိုင်ရာတိုးတက်မှုဖြစ်စဉ်များလေ့လာရန် - http://eiti.org/Myanmar သို့မဟုတ်ညွှန့်ပေါင်းအဖွဲ့ ဝက်ဘ်ဆိုက် http://myanmareiti.org/ EITI နှင့်ပတ်သက်သည့် အထွေထွေအကြောင်းအရာများလေ့လာရန် www.resourcegovernance.org/issues/eiti နှင့် www.eiti.org/
- EITI ဖြစ်စဉ်လေ့လာချက်များကို www.resourcegovernance.org/publications/eiti-parliamentary-tool-extractive-sector-governance-liberia-and-yemen
    - EITI Guide for Legislators at www.eiti.org/files/MP_EITI_Guide.pdf
    - လွှတ်တော်နှင့်တွင်းထွက်ကဏ္ဍလေ့လာချက်များအတွက် www.resourcegovernance.org/parliaments

စာစဉ်များ

နည်းပညာအရရှုပ်ထွေး၊ သာမန်လူနားမလည်နိုင်လောက်အောင် အလုမ်းဝေးသည့် ရေနံ၊ ဓာတ်ငွေ့၊ သတ္တုတွင်းလုပ်ငန်းများအတွက် ထိထိရောက်ရောက် စောင့်ကြည့်ထိန်းကျောင်းခြင်း၊ ဥပဒေပြုခြင်း၊ ဖွင့်ပြအသိပေးခြင်းတို့ လိုအပ်သည်။ နိုင်ငံများအနေနှင့် တွင်းထွက်ကဏ္ဍမှ ရရှိသည့်အကျိုးအမြတ်များကိုအမြင့်ဆုံး ပမာဏဖြင့် ရရှိနိုင်ရန်အတွက် လွှတ်တော်က ဝင်ရောက်ထိန်းကျောင်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် NGRIသည် လိုအပ်သည့်သတင်းအချက်အလက်များပံ့ပိုးပေးလျက်ရှိသည်။ လွှတ်တော်နှင့်ဆိုင်သည့် စာတမ်းငယ်များကို www.revenuewatch.org/parliaments တွင် ရယူဖတ်ရှုနိုင်သည်။

လွတ်လပ်သော ပရဟိတ အဖွဲ့ အစည်းတစ်ခုဖြစ်သည့် သဘာဝသံယံဇာတ အရင်းအမြစ်စီမံခန့်ခွဲမှုအကြံပေးအဖွဲ့ သည် လက်တွေ့အသုံးချ သုတေသနနှင့် စွမ်းအားစုများဖွံ့ ဖြိုးတိုးတက်စေရေး၊နည်းပညာဆိုင်ရာ အကြံဉာဏ်များ နှင့် အထောက်အကူပေးမှုများဆီသို့ တီထွင်ဖန်တီးမှုရှိရှိ ချဉ်းကပ်မှုတို့ မှတဆင့် ၎င်းတို့ တိုင်းပြည်မှ ထွက်သော ရေနံ၊ဓာတ်ငွေ့ နှင့် သတ္တုတွင်းထွက်ပစ္စည်းများ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို ပြည်သူများ သိရှိနားလည်နိုင်စေရန် ကူညီပေးပါသည်။ ထပ်ပြီးလေ့လာရန်- www.resourcegovernance.org

Natural Resource Governance Institute
Oil, gas and mining for development